အပြုံးများ ဖြင့် ဒီသို့ပင် နှုတ်မှ ရွတ်ဆိုလိုက်မိသည် ။ ကိုသိန်းဇံမှာ ခင်ဦးခင်၏ စာရွက်ပန်း ရောင်လေးကို ပွင့်ဖတ်နေလေးတစ်ခုပမာ ယုယု ယယကိုင်ကာ တစ်ချက်နမ်းလိုက်ပြီးခါမှ အိတ်တွင်း သို့ ထည့်လိုက်သ ည် ။ ရှပ်အင်္ကျီအိတ်ကို လက်ဝါးနှင့် ဖိကပ်၍ ကိုသိန်းဇံက မျက်လုံးမှိတ် ရင်း ပြုံး လိုက်မိသည် ။ ခင်ဦးခင်၏ ကိုယ်စား စာလွှာလေးများ လို သူ့ရ င်ခွင်တွင် ပိုက်ထွေးထားသည့် အသွင်တည်း ...

'မင်းက ဝတ်ကောင်းစားလှနဲ့ ဘယ်လဲ'

ကိုသိန်းဇံ၏ ပီတိပြုံးများကို လွင့်စင်စေသူက ကိုသိန်းဇံ၏ ဖခင်ဖြစ် သူ ပန်းပဲဖိုဆရာ ဦးသာဒွန်း။

'ဘုတာရုံကို'

'အံမယ်၊ ဘုတာရုံကို မင်းက ဘာကိစ္စနဲ့ သွားရမှာ တုန်း'

'ကျွန်တော် ခင်ခင့်ကို သွားကြိုမလို့ ပါအဖေ'

'ဟေ ... ဘယ်က ခင်ခင်တုန်း'

'အဖေသိပါတယ်ဗျာ ... စက်သူဌေး ဦးစိန်မောင်ရဲ့ သမီး ... မပိုက် ဆိုတဲ့ ကောင်မလေးလေ'

ကိုသိန်းဇံက တက်ကြွစွာ ဖြေကြားလိုက်သော်လည်း ဦးသာဒွန်းမှာ ငြိမ်ကျသွားတော့သည် ။ စိုးရွံ့မှုပါသော အတွေးတစ်ခုက ဦးသာဒွန်းကို ကြီးစိုးလာပါသဖြင့် -

'ကြည့်လည်း လုပ်နော် သိန်းဇံ သူတို့ က မင်းပေါက်စိုးပေါက်တွေ နော် မနှစ်တုန်းက အဲဒီ လုံမလေး အိမ်လာမေးတည်းက ငါစိတ်မသန့် လှဘူး'

တို့ ဇနီး မောင်နှံကို စားကျိန်း ကျိန်းခဲ့ဖူးသည် ။ လူလိမ္မာဦးစိန်မောင်၏ အမျက်ကအပြင်မထွက်ပါဘဲ ဦးသာဒွန်းကို ဖျောင်းဖျလွှတ်သည် ။ အကျယ်အကျယ် မငြိမ်းဘွယ်ဖြစ်လျှင် သူတို့ သိက္ခာကျဆင်း မည်ဖြစ်ပါ၍ ချွေးသိပ်ခါ စေလွှတ်လိုက်ပါကြောင်း ဦးသာဒွန်းလည်း မသိသည် မဟုတ်ပါ။ တစ်မြို့ တည်းနေကြသူချင်း ကြုံကြဆုံကြသည့်အခါ မေးထူးခေါ်ပြော နှုတ်ဆက်ပါသော်လည်း ဝမ်းထဲတွင် အကြိတ်အခဲများ ရှိနေကြသည် သာ။

ဦးသာဒွန်းက ဇနီးဆုံးပြီး သားအဖနှစ်ယောက် အေးချမ်းစွာ လုပ်ကိုင်စားလိုကြသည် ။ ဖြစ်ပြီးသည် ကို အာဃာတမထားလိုတော့ပါ၍ ကင်းရှင်းစွာနေလိုသည် ။ သားဖြစ်သူက သူတို့ သမီး နှင့် ဆက်သွယ်နေသည်ကို ဦးသာဒွန်းစိတ်မှာ မကြည်လင် မချမ်းမြေ့နိုင်တော့ပါ။

ဦးသာဒွန်းသည် သားလေး ကိုသိန်းဇံကို အေဘီအမ်ကျောင်းတွင် ထား၍ ပညာတတ်တစ် ယောက်ဖြစ်ရန် မျှော်လင့်ခဲ့သည် ။ အရိပ်တွင်း၌ ကလောင်ကိုင်ကာ အသက်မွေးဝမ်းကျောင်းပညာရ စေမည်ဟု အားခဲခဲ့သူ ဖြစ်လေသည် ။

မျှော်မှန်းသလို ဖြစ်မလာရှာပါ၊ သားခုနစ်တန်းမအောင်မီ ကျောင်းထုတ်လိုက်ရသည် ။ ဇနီး ဆုံးပြီး စီးပွားရေး ယိုင်လဲလာပါသဖြင့် စရိတ်ကြီးသော အင်္ဂလိပ်စာပညာရေးကို မသင်ကြားပေးနိုင် တော့ပါ။

ယခုမူ ကိုသိန်းဇံမှာ အင်္ဂလိပ်စာကို အနည်းအပါးတတ်မြောက်ခေါက်မိနေပါသော်လည်း အစိုးရအလုပ်ကို မရရှာ၊ ဖခင်ပန်းပဲဖိုတွင် သာဟိုယောင်ယောင်ဒီယောင်ယောင်ဖြင့် ဝင်ရောက်လုပ် ကိုင်နေရရှာသူဖြစ်ပေသည် ။ သားဖြစ်သူ၏ မတည်ငြိမ် မရေရာသောဘဝကို အားမလိုအားမရ ဖြစ် ရသည့်အထဲ စက်သူဌေးသမီးနှင့် ယှက်နွှယ်နေလေသည်

မို့ ဦးသာဒွန်းမှာ ထွက်သွားသည့်သားကို ငေးကြည့်ကာ သက်ပြင်းရှည်ကြီးသာ ချနေမိပါတော့သည် ။

ဖခင်၏ သောကဝေဒနာကို နည်းနည်းလေးသော်မှ မတွေးမိပါဘဲ ဘူတာရုံဆီသို့ လှမ်းနေ သည့် သိန်းဇံ၏ ခြေလှမ်းများက သွက်လှသည် ။ ရထားက လေးနာရီဆိုက်လေမည်။ ယခုမှ နှစ်နာရီ ခွဲသေးသည် ။ သိလျက်နှင့် ကိုသိန်းဇံက သွားနှင့်နေခြင်းဖြစ်ပါသည် ။ အိမ်တွင် ငုတ်တုတ်ထိုင်နေရ မည့်အစား ချစ်သူလေး ခင်ခင် ပြန်လာမည့်လမ်းမှ ထိုင်၍ မျှော်နေရသည် က ပိုမိုရွှင်ပျဖွယ်ရာဖြစ် သည် ဟု ကိုသိန်းဇံ ထင်မိသည် ။

ဒီနေ့ရောက်ဖို့ ကို ကိုသိန်းဇံ မျှော်ရသည် မှာ ခုနစ်ရက်တာ ကြာခဲ့ပါပြီ။ ခင်ဦးခင်၏ စာရသည့် နေ့မှ စခဲ့သည် ။ ကိုသိန်းဇံ၏ ရင်မှ လှိုင်းထိနေပေသည် ။ ချစ်သူ၏ မျက်နှာနုနုလှလှလေးကို မြင် ယောင်နေမိပါ၏။ ဖြူဖွေးနုထွေးလှပါသော ကိုယ်ခန္ဓာလေးကိုပါ ခြေဆုံး ခေါင်းဆုံး မြင်ယောင်နေမိ လေသည် ။ ဒီတစ်ကြိမ်သာ ခင်ခင်နှင့်ကြုံရပါလျှင် ထွေးနွေးသော ကိုယ်လုံးလှလှလေးကို ရင်ခွင် တွင် ထား၍ မေးစေ့လေးဆွဲမော့ကာ ချစ်သူ၏ မျက်နှာ လှပေါင်းဆုံရာကို မျက်တောင်မခတ်ရက် လောက်အောင်ပင် ကြာမြင့်စွာ ငေးကြည့်နေလိုက်မည်ဟု လည်း ကိုသိန်းဇံ အားခဲထားလေသည် ။

ကိုသိန်းဇံ၏ ချစ်ဦးသူခင်ခင်သည် ရုပ်ရည် လှပလွန်းသူသာမက စကားအရာ၌ လည်း တီတီ တာတာဖြင့် ချစ်ခွန်းဖွဲ့တတ်သူသာတည်း။ ချစ်သူဘဝမရောက်မီ နုနယ်ကြစဉ် ကလေးဘဝကာလ ကပင် ကိုသိန်းဇံ၏ စိတ်ကို စွဲငြိနေအောင် လုပ်ပေးချင်လာအောင် စိုင်းတတ်စေတတ်သူသာ။

လှုပ်ရှားမိ ယခုတစ်ကြိမ်တွင် မူ နှစ်ယောက်လုံး၏ သွေးကြောများ ပေါက်ထွက်မတတ် သွေးလည်ပတ်နှုန်းက မြန်ဆန်နေကြသည် ။

'ခင်ခင့်ကို လွှတ်ပါအစ်ကိုရယ်'

အားခဲ၍ မနည်းထိန်းပြောလိုက်ပါသော ခင်ဦးခင်၏ အသံတုန်တုန်လေးကြောင့်သာ ကိုသိန်းဇံ လွှတ်ပေးလိုက်ရသည် ။ ဒီမျှ နွေးထွေးနူးညံ့သော ခန္ဓာကိုယ်အိအိကလေးကို ယခုလို ရင်ခွင် တွင် ထာဝရထားရှိပြီး ခင်ဦးခင်၏ မျက်နှာလှလှလေးကို အစဉ်ကြည့်နေချင်ပါသော စိတ်တို့သည် ထိုအချိန်မှ စ၍ ကိုသိန်းဇံ၏ ရင်တွင် အမြစ်တွယ်ခဲ့ရပါလေသည် ။

ဒီနေ့၏ နောက်တွင် တစ်ယောက်နှင့်တစ်ယောက် ယခင်လို ပွင့်လင်းစွာ မနှုတ်ဆက်ရဲကြ တော့ပါသော်လည်း တိတ်တခိုးအကြည့်များကမူ မကြာခဏလို ကြုံဆုံခဲ့ကြရပေသည် ။ ခင်ဦးခင်ခင် ၏ မျက်နှာ ဖွေးဖွေးလှလှလေးက ထာဝရ ပြုံးနေသည် ကိုသာ ကိုသိန်းဇံ ကြည့်ရှုလေရာ မြင်နေပါ လေပြီ။ ဘာအလုပ်မှ လုပ်မရ ခင်ဦးခင်သည် သာ သူ့ဘဝကို ဖမ်းစားလွှမ်းမိုးထားလေပြီတည်း။

မတတ်နိုင်တော့၊ စိတ်ကိုမထိန်းချုပ်နိုင်ပါလေတော့၊ ကိုသိန်းဇံသည် ဗလာစာအုပ်မှ ရွက် ပေါင်းလေးငါးဆယ်မျှ ဆုတ်ဖြဲပြီးသည့်အခါတွင် မှ ခင်ဦးခင်ထံပေးရန် ရည်းစားစာ တစ်မျက်နှာစာ ရရှိသည် ။

ယင်းစာလေး ခင်ဦးခင်ကို ပေးထားသည့်ရက်အတွင်း ကိုသိန်းဇံမှာ အိပ်မရ၊ စားမရ၊ စာ ကျက်မရဖြင့် စိုးထိတ်စိတ်ကို မဖြိုသိပ်နိုင်ပါဘဲ ရှိနေမိရသည် ။ စာပေးပြီး ခုနစ်ရက်ခန့်အတွင်း မေး လည်း မမေးဝံ့ပါဘဲ နှင့် ခင်ဦးခင်ကိုသာ ခိုးဝှက်၍ ကွက်ကြည့်၊ ကွက်ကြည့်၊ ကြည့်နေမိစဉ်။

'ရော့ အစ်ကိုသိန်းဇံ စာအုပ်ထဲမှာ စာပါတယ်။ အိမ်ရောက်မှ ကြည့်

